## Pentecost – Year B

### 1st READING: *Acts 2:1-11*

**တမန်တော်ဝတ္ထု ၂း ၁–၁၁**

ပင်တေကော့စတာပွဲနေ့ကျရောက်သောအခါ၊သူတို့အားလုံးသည်တစ်နေရာတည်း၌အတူစုဝေးလျက်ရှိကြ၏။ထိုအခါပြင်းထန်သောလေမုန်တိုင်းတိုက်ခတ်သံနှင့်တူသောအသံသည်ကောင်းကင်မှရုတ်တရက်ပေါ်ထွက်လာ၍သူတို့စုဝေးနေထိုင်ကြသောအိမ်သည်ထိုအသံနှင့်ပြည့်နေလေ၏။သူတို့ရှေ့တွင်လျှာသဏ္ဌာန်ရှိသောမီးလျှံငယ်များထွက်ပေါ်လာ၍သူတို့အသီးသီး၏အပေါ်တွင်တည်နေ၏သူတို့အားလုံးသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကြလျက် သန့်ရှင်းသောဝိညာဉ်တော်သည ဟောပြောသောအခွင့်ကိုသူတို့အားပေးတော်မူသည့်အတိုင်း သူတို့သည်အခြားသော ဘာသာစကားများကစတင်ပြောဆိုကြလေ၏။ ထိုအချိန်တွင်ကမ္ဘာပေါ်ရှိတိုင်းနိုင်ငံအသီးသီးတို့မှဘုရားတရားကြည်ညိုသူဂျူးလူမျိုးတို့သည်ဂေ|ရုဆလင်မြို့၌တည်းခိုလျက်ရှိကြ၏။ထိုအသံကိုကြားကြသောအခါများစွာသောသူတို့သည်စုရုံးရောက်ရှိလာကြသောအခါတမန်တော်တို့ပြောဆိုနေကြသည်ကိုမိမိတို့ဘာသာစကားအသီးသီးဖြင့်ကြားကြရသောကြောင့်အလွန်အံ့သြနေကြ၏။ထိုလူအပေါင်းတို့သည်လည်းအံ့သြတွေဝေလျက်ဆိုကြသည်မှာစကားပြောဆိုနေကြသော ဤသူများသည်ဂါလိလေနယ်သားများမဟုတ်ပါလော။သူတို့ပြောဆိုနေကြသည်ကိုငါတို့အသီးသီးသည်မမိတို့မွေးရပ်ဒေသ၏ဘာသာစကားဖြင့်ကြားနေကြရသည်မှာအ ဘယ်သို့ဖြစ်သနည်း။ ပါရှန်ပြည်မှစ၍မီဒီယန်၊ဧလမ်၊မေဆိုပိုတမိယ၊ဂျူဒေယ၊ကာပ္ပဒိုစိယပြည်၊ပွန္တုပြည်၊အာရှ။ဖရိဂ္ဂိယနှင့်ပံ့မ်ဖိလိယပြည်၊အီဂျစ်ပြည်၊ဆီရင်မြို့လကအောက်ရှိလစ်ဗျားပြည်မှနယ်ပယ်တို့တွင်နေထိုင်သူများ၊ရောမမြို့မှလာကြသောဂျူးလူမျိုးများနှင့်ဂျူးဘာသာတို့ဝင်လာသူများ။ခရိပြည်နှင့်အရေးဗျပြည်သားများဖြစ်ကြသောငါတို့သည်ဤသူတို့ပြောဆိုနေကြသောဘုရားသခင်၏အံ့သြဘွယ်ရာအမှုတော်များကိုငါတို့ဘာသာစကားအသီးသီးဖြင့်ကြားနေရပါသည်တကားဟုဆိုကြလေ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Ps 104:1, 24, 29-30, 31, 34

ဆာလံကျမ်း ၁၀၄

**သံပြိုင်။ ။** ဝိညာဉ်တော်ကိုစေလွှတ်တော်မူ၍မြေမျက်နှာပြင်ကိုအသစ်ပြုပြင်တော်မူပါ။
R.  **Lord, send out your Spirit, and renew the face of the earth.**

၁။ အိုငါ့ဝိညာဉ်ထာဝရဘုရားအားချီးမွမ်းလော့။ အိုတပည့်တော်၏ဘုရားသခင်ထာဝရဘုရားကိုယ်တော်
သည်အလွန်ကြီးမြတ်တော်မူပါ၏။အိုထာဝရဘုရားကိုယ်တော်၏လက်ရာတော်တို့သည်မည်မျှလောက်များ
ပြားပါသနည်း။ ကမ္ဘာမြေကြီး သည်ကိုယ်တော်ဖန်ဆင်းထားရာသတ္တဝါများဖြင့်ပြည့်နှက်လျက်ရှိ၏
**သံပြိုင်)**
Bless the LORD, O my soul! O LORD, my God, you are great indeed! How manifold are your works, O LORD! the earth is full of your creatures;

၂။ ထာဝရဘုရား၏ဘုန်းဂုဏ်တော်သည်ကာလအစဉ်အဆက်တည်မြဲပါစေ။ထာဝရဘုရားသည်မိမိ၏
လက်ရာတော်များ ကြောင့်ရွှင်လန်းဝမ်းမြောက်ပါစေ။ ထာဝရဘုရား၌ ရွှင်လန်းဝမ်းမြောက်၏။ **(သံပြိုင်)**
May the glory of the LORD endure forever; may the LORD be glad in his works! Pleasing to him be my theme; I will be glad in the LORD.

၃။ အပြစ်ကျူးလွန်သူတို့ကကမ္ဘာမြေကြီးမှပယ်ရှင်းပစ်ပါစေ။ဆိုးယုတ်မာသူတို့သည်လည်းဆက်လက်မ
တည်ရှိကြပါစေ နှင့်။ အိုငါ့ဝိညာဉ်ထာဝရဘုရားကိုချီးမွမ်းလော့၊ထာဝရဘုရားကိုချီးမွမ်းလော့။ **(သံပြိုင်)**
If you take away their breath, they perish and return to their dust. When you send forth your spirit, they are created, and you renew the face of the earth.

## 2nd READING: *1Cor 12:3b-7, 12-13*

ကော်ရင့်သုသြဝါဒပထမစာစောင် ၁၂း၃–၇၊ ၁၂–၁၃

ထို့ကြောင့်မည်သူမဆိုဘုရားသခင်ဝိညာဉ်တော်လှုံ့ဆော်မှုကိုခံရသောသူတိုင်းသည်သခင်ယေရှုအားကျိန်စာသင့်ပါစေဟူ၍လည်းကောင်း။သန့်ရှင်းသောဝိညာဉ်တော်ဘုရားမပါလျှင်သခင်ယေရှုသည်အရှင်သခင်ဖြစ်ပါသည်ဟု၍လည်းကောင်းမည်သူမျှမဝန်ခံနိုင်ကြောင်းသင်တို့အားငါသိနားလည်စေလိုသည်။ဆုကျေးဇူးတော်အမျိုးမျိုးရှိ၏။သို့သော်လည်းထိုကျေးဇူးများကိုဝိညာဉ်တော်တစ်ပါးတည်းကပေးသနားတော်မူ၏။အစေခံရန်နည်းလမ်းအမျိုးမျိုးရှိသော်လည်းအစေခံရသည့်သခင်တစ်ပါးတည်းသာရှိ၏။ အမှုတော်ဆောင်ရန်တာဝန်အမျိုးမျိုးရှိသော်လည်း လူတိုင်း၌သီးခြားအမှုတော်များအတွက်၊ တာဝန်များကိုပေးသနားတော်မူသောသခင်သည်တစ်ပါးတည်းသာဖြစ်၏။ လူ့ခန္ဓာကိုယ်သည် တစ်ခုတည်းဖြစ်၍ကိုယ်အင်္ဂါအစိတ်အပိုင်းများစွာရှိကြ၏။ ကိုယ်ခန္ဓာ၏အင်္ဂါအစိတ်အပိုင်းများသည်အရေအတွက်များစွာရှိကြသော်လည်းခန္ဓာကိုယ်သည်တစ်ခုတည်းဖြစ်၏။ခရစ်တော်သည်လည်းထိုနည်းတူဖြစ်၏။ထိုနည်းတူစွာငါတို့သည်ဂျူးလူမျိုးဖြစ်စေ၊လူမျိုးခြားဖြစ်စေ၊ကျွန်ဖြစ်စေ၊လတ်လပ်သူဖြစ်စေ၊ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့်ကိုယ်ခန္ဓာတစ်ခုတည်းထဲသို့ဆေးကြောခြင်းမင်္ဂလာခံယူကြ၏။ ငါတို့အားလုံးလည်း ဝိညာဉ်တော်တစ်ပါးတည်းမသောက်သုံးကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## **GOSPEL:** *John 20:19-23*

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၂၀း ၁၉–၂၃

ရက်သတ္တပတ်၏ပထမနေ့၊ညနေအချိန်ရောက်သောအခါတပည့်တော်တို့သည်ဂျူးလူမျိုးတို့ကိုကြောက သောကြောင့်မိမိတို့စုဝေးကြသောနေရာတွင်တံခါးများကိုပိတ်ထားလျက်နေကြ၏။ထိုအချိန်၌သခင်ယေရှုး သည်ကြွလာတော်မူ၍သူတို့အလယ်မှာရပ်တော်မူလျှက်သင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိပါစေဟုသူတို့အား မိန့်တော်မူ၏။ဤသို့မိန့်တော်မူပြီးနောက်ကိုယ်တော်သည်သူတို့အားမိမိလက်တော်များနှင့်နံဘေးတော်ကိုပြ တော်မူ၏။တပည့်တော်တို့သည်လည်း သခင်ဘုရားကို ဖူးမြင်ရသဖြင့်ဝမ်းမြောက်ကြလေ၏။ တဖန်ကိုယ် တော်ကသင်တို့၌ငြိမ်းချမ်းသာယာခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကိုစေလွှတ်သကဲ့သို့ ငါသည် လည်းသင်တို့ကိုစေလွှတ်၏ဟုမိန့်တော်မူ၏။ထို့နောက်ကိုယ်တော်သည်သတို့အပေါ်သို့မှုတ်တော်မူလျှက် သန့်ရှင်းသောဝိညာဉ်တော်မြတ်ကုခံယူကြလော့။အကြင်သူ၏အပြစ်များကိုသင်တို့ခွင့်လွှတ်လျှင်ထိုအပြစ များသည ခွင့်လွှတ်ခြင်းခံရလိမ့်မည်။ အကြင်သူ၏အပြစ်များကို သင်တို့တည်စေလျှင ထိုအပြစ်များသည် တည်လျှက်ရှိ၏ဟုသူတို့အားမိန့်တော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**